

(လုံးချင်းဝတ္ထုသစ်)

# ရှန်းရမိမိုး

သက်တံရောင်ခြယ် နှလုံးသားစုတ်ချက်များ

L လင်း

# အခန်း(၁)

"ဟွန်း . . . လူတွေက ကြောက်စရာကောင်းတယ်. . . အခုတစ်မျိုး တော်ကြာတစ်မျိုး. . . လိုရင် တစ်မျိုး မလိုတစ်မျိုးနဲ့ သိပ်စိတ်ပျက်ဖို့ ကောင်းတယ် . . . ဟွန်း . . . လူတွေကို စိတ်ကုန် လာပြီ . . . သည်းခံရင် ပိုဆိုးဆိုးလာကြတယ် . . . "

ပွစိပွစိရေရွတ်ရင်း တဖျစ်တောက်တောက်လုပ်လာတဲ့ သမီးဖြစ်သူကိုကြည့်ပြီး ဒေါ်သီတာ သက်ပြင်းချမိပါသည် ။

"အင်း. . . လူတွေကို စိတ်ကုန်ရင်လည်း တောထွက်ပြီး ဇရပ်ဆောက်နေကြတော့ ကြယ်စင်ရေ . . . သူ့မှာ တစ်နေ့လာလည်း ဒါပဲ. . . ပွစိပွစိလုပ်နေတယ် . . ."

"အင်း. . . အမေမသိလို့ နော် . . . လူတွေက ပိုက်ဆံ မရှိရင် သိပ်နှိမ်ချင်တာ . . ."

"အိုအေ . . . သူတို့ နှိမ်တော့ရော အသားပဲ့ပါသွားတာမှတ်လို့ . . ."

"အင်း . . . မေမေကလည်း အခြောက်တိုက်နေရင်း လူကို နှိမ်သလိုလာလုပ်နေတာတော့ မကြိုက်ပါဘူးနော် . . . ဒီနေ့လည်း မေမေ စဉ်းစားကြည့်လေ . . . ကျောင်းမှာ သမီးတို့ ဆရာ ကန်တော့ပွဲ ရှိတယ် . . . အဲဒါ အကုန်လုံးက ဂိုက်တွေ ဆိုက်တွေလုပ်လာကြတာ . . . ကွင်းတွေကင်း တွေအရွေးခံဖို့ လေ . . . သမီးကတော့ ဒီလိုပဲ သွားတာပေါ့ . . . အဲ

ဒါ သမီးကို ဘာပြောတယ်မှတ်လဲ မေမေရဲ့ . . . သမီးက ဆင်းရဲပြီး ရှိတာလေးပဲ ထည့်လဲဝတ်နေတော့ ဒီမေဂျာက ကွင်းဆိုပြီးပြောရင် သိက္ခာကျတယ် ထင်နေကြတာ . . . သူတို့ ကွင်းကိစ္စ စိတ်မဝင်စားဘူး . . . ဒါပေမဲ့ သမီးကို နှိမ်သလိုပြောတာတော့ ခံရခက်တယ် . . .”

ဒေါ်သီတာ သမီးလေးမျက်နှာ နုနုညက်ညက်လေးကိုကြည့်ပြီး သနားနေမိသည် ။ ရုပ်ကလေး မှုန်ညက်နေအောင် ချောပါလျက် မိမိတို့လို ဘဝနဲ့ချာသူတွေရဲ့ ရင်ခွင်မှာ မှ လာမွေးဖွားခဲ့တဲ့ ကံတရား။ ပြီးတော့ ငယ်စဉ်လသားအရွယ်ကလေးကတည်းက ဖခင်ဖြစ်သူက ဆုံးပါးသွားခဲ့ရသဖြင့် ဒီသမီးကို ဒီအရွယ်ရောက်အောင် ဒေါ်သီတာတစ်ယောက် မနည်းရုန်းကန်နေခဲ့ရသည် ။ သမီးကလေး ဆေးတက္ကသိုလ် ဝင်ခွင့်ရတော့လည်း မထားနိုင်တော့ဟု ထင်ကာ ဒေါ်သီတာမှာ ရွှေရင်ဆို့ခဲ့ရဖူးသည် ။ ဒါပေမဲ့ ကယ်တင်ရှင် ပေါ် လာပြီး သမီးလေးကို ကျောင်းစရိတ်ထောက်ပံ့ခဲ့သဖြင့် ဒေါ်သီတာ မှာ သက်မချနိုင်ခဲ့တာ။ အဲဒီအဖြစ်ကိုလည်း ဒေါ်သီတာမှာ သမီးဖြစ်သူကို မပြောပြခဲ့၍ သမီးမသိ။ အမေက ဆေးကျောင်းကို မနည်းထားပေးထားရတယ်ဆိုပြီး သမီးကလေးကပိုပြီး လိမ္မာရှာပါတယ်။

တကယ်ဆို လူငယ်ပီပီ ဝတ်ချင်စားချင်စိတ်တော့ ရှိရှာမည်ပင်။ ဒါပေမဲ့ သမီးဖြစ်သူဟာ မအေရှေ့မှာ သာ မျိုသိပ်ခဲ့သမျှ ပေါက်ကွဲနေပြီ။ အပြင်လူအားလုံးရဲ့ ရှေ့မှာ တော့ လင်းကြယ်စင် ဆိုတာ ဒီလိုအားငယ်ပျော့စိနေသူမဟုတ်။ မာနကြီးပြီး ရုပ်ကလေးမှုန်နေအောင် ချောပါလျက် မျက်နှာက ကျောက်သားက အရှုံးပေးရလောက်အောင် တင်းလျက်။ ဘာကိုမှ ထီမထင် ဂရုမစိုက် တတ်သူ။ အမြဲ မျက်နှာဝင်းဝင်းကလေးမှ ဘာမှျမလိမ်းထား။ မျက်နှာပြောင်ဖြင့် ရုပ်အင်္ဂါများ သာ ဝတ်တတ်သဖြင့် ယောကျာ်းလေးဆန်သည် ဟု ထင်နေကြသော်လည်း လင်းကြယ်စင်

ကို တွေ့သမျှ နှစ်ခါပြန်မကြည့်ဘဲ မနေနိုင်အောင် ဘာက စွဲဆောင်နေမှ န်းမသိ။ ကျောလယ်ခန့်ရှိသည့် ဆံပင်ထူ အုပ်အုပ်ကိုလည်း အမြဲ လက် ကိုင်ပဝါတစ်ထည်ဖြင့် ဖြစ်သလို စည်းထားတတ်သည် ။ ဖိနပ်ဆိုရင် လ ည်း ပြည်တွင်းဖြစ် စလစ်ပါ အပါးလေးတွေသာ စီးတတ်ပြီး ဘာမှ အပြ င်အဆင်မရှိသည့် ဒီကောင်မလေးကို မသိသူ မရှိကြပေ။ လင်းကြယ်စင် ဘဝက အဲဒီလို . . .။

အဲဒီလို လင်းကြယ်စင်ကိုမှ စိတ်ဝင်စားကြတဲ့ ပုရိသတွေကလည်း ခ ပ်များများ . . . ဒါပေမဲ့ လင်းကြယ်စင်ကတော့ မည်သူ့ကိုမျှ ရှိသည် မထ င်။ ကျောင်းစာထဲသာ အာရုံရှိလျက်။ မရှိရင် တောင် ရှိအောင်သွင်းပြီး အားလုံးကို မေ့ဖျောက်ထားနိုင်ခဲ့သူပါ။ မလှပတဲ့ ဘဝတစ်ခုကိုရော၊ အ ချစ်ဆိုတဲ့ အရာကိုရော၊ ဥပေက္ခာပြုထားခဲ့ပေမဲ့ လင်းကြယ်စင်လည်း ပု ထုဇဉ်မို့ တစ်ခါတစ်ရံတော့ မိခင်ဖြစ် သူရှေ့ ပေါက်ကွဲမိသည် ပင်။ ဒါ လင်းကြယ်စင်ရဲ့ ဘဝပဲပေါ့။

"အဲဒီ မိန်းမက တော်တော်အမြင်ကတ်ဖို့ ကောင်းတယ်၊ ကြည့်လိုက် ရရင် မျက်စိထဲ ထောင့်ကိုမကျိုးဘူး . . ."

"ဘယ်သူ့ကို ပြောနေတာလဲ . . ."

"လင်းကြယ်စင်ပေါ့ . . ."

"ဩော် . . . သူလေးလား . . . သူလေးက ဒီလောက် စမတ်ကျကျ ဖြောင့်ဖြောင့်လေးကို ဘယ်ထောင့်ကျိုးမှာ လဲကွ"

"တော်စမ်းပါကွာ . . . ဘာစမတ်ကျတာလဲ . . . ယောကျ်ားလေးကျ နေတာပဲ . . . ကြည့် လိုက်သမျှ အတန်းထဲမှာ ရင်အေးစရာလေးတွေချ ည်းပဲ . . . သူကလွဲလို့ ပေါ့ . . ."

"အေး . . . မင်းလည်း ကြယ်စင့်ကို တော်တော်ကြည့်မရတာဘဲနော် . . . ကောင်းပါတယ် . . . တစ်ကမ္ဘာလုံးက ကြည့်မရလည်း ငါပဲကြည့်မယ် . . ."

"နှာဘူး . . ."

"ဘာလဲကွ. . . ငါ့ဘာသာ ချစ်လို့ ပြောတာ. . ."

"ဘာဖြစ်တယ် . . . ချစ်တယ် ဟုတ်လား . . . ဒီပုံကြီးများကွာ . . ."

"လူတွေက အကြိုက်ချင်းတော့ ဘယ်တူပါ့မလဲကွာ . . . အကြိုက်ချင်းတူရင်လည်း ရန်သူ တွေ ဖြစ်ကုန်မှာ ပေါ့ . . . ငါ့အတွက်တော့ ကြယ်စင်သည် သာ အရေးအကြီးဆုံး . . ."

"ဟွန်း . . . ဘာမှ သာမဟုတ်တာ . . . မာနကလည်း ကြီးသေး"

"အင်း . . . အဲဒီမာနကြီးတာလေးပဲ ချစ်တာ . . ."

"မင်း အရူးပဲ အာကာ . . . "

"အေး . . . ကြယ်စင့်ကို ချစ်လို့ ရူးတယ်ပြောလည်း ကျေကျေနပ်နပ်ကြီးကိုခံမယ် . . . မာန်ထွဋ်ခေါင် . . . "

"သွားပြီ အာကာ . . . မင်းအတွက် ဆေးမရှိတော့ဘူး . . . ဒီလောက် လှလှပပလေးတွေ ပေါများ နေတဲ့ ခေတ်ကြီးထဲက ဒီလိုပုံကိုမှ ကြိုက်တဲ့ မင်း ပုံမှန်မဟုတ်တာတော့ သေချာတယ် . . . "

မာန်ထွဋ်ခေါင် အာကာ့ကို ပျစ်ပျစ်နှစ်နှစ်ကို ပြောနေမိသည် ။ တကယ်ပါ။ အဲဒီ လင်းကြယ် စင်ဟာ မာန်ထွဋ်ခေါင် အတွက်တော့ ဘယ်လိုမှ ထောင့်မကျိုးတဲ့ မိန်းမ။ မိန်းကလေးတန်မဲ့ မျက်နှာ က ထန်လွန်းလှသည် ။ လှတယ်ဆိုရင်တောင် အဲဒီအလှတွေက သူ့မျက်နှာထား တင်းတင်း

အောက်မှာ ပျောက်ဆုံးသွားပြီ။ မာန်ထွင့်ခေါင်ကတော့ မိန်းမဆိုလျှင် မိန်းမပီပီသသမှ ကြိုက်သည် ။ သူကိုယ် တိုင်လည်း နေတာထိုင်တာ သပ်သပ်ရပ်ရပ်နှင့် အဝတ်အစားဆိုလည်း စမတ်ကျကျ ဝတ်တတ်သည် ။ ပြီးတော့ သူတို့ အတန်းမှာ သူက ကင်း (king)ပဲ။ မာန်ထွင့်ခေါင်ဆိုလျှင် မသိသူမရှိ။ ကားဆိုလျှင် လည်း နောက်ဆုံးပေါ် နံပါတ်ပဲ စီးချင်သူ။ မာန်ထွင့်ခေါင်ဟာ ဘာဖြစ်ဖြစ် အကောင်းမှ ။ တကယ် တမ်း သူ့ကို ကင်း ရွေးတော့လည်း ကွင်း (queen)ကို လင်းကြယ်စင်ဖြစ်မှာ အသေကြောက်သည် ။ လင်းကြယ်စင်နှင့် တွဲလိုက်ရင်ပဲ သိက္ခာကျသွားတော့မလို။ ရှက်စရာလို့ ထင်ခဲ့သူ။ ကင်းနဲ့ ကွင်း အဖြစ်ကို တွဲပြီး အရွေးမခံချင်ခဲ့။

ယခုလည်း သူ အာကာ့ကို တားဆီးရပါဦးမည်။ သူ့သူငယ်ချင်းကို လင်းကြယ်စင်လို မိန်းမ မျိုးနှင့်တော့ မဖြစ်စေချင်။ သူ ရအောင်တားဆီးဖို့ ဆုံးဖြတ်ပြီးသွားပြီ။ လိုတရ မင်းသားတစ်ပါး ဖြစ်တဲ့ မာန်ထွင့်ခေါင်ဟာ အာကာနဲ့ လင်းကြယ်စင်ကိုလည်း မဖြစ်အောင် တားဆီးဦးမှာ ပင်။ သူ့ဆန္ဒ ပြည့်မပြည့်ဆိုတာကတော့။

*

## အခန်း(၂)

"လင်းကြယ်စင် . . . ကျေးဇူးပြုပြီး လက်ချာစာအုပ်ငှားပေးနိုင်မလား . . . ပထမအချိန်မှာ နောက်ကျသွားလို့ . . . "

"လိုချင်ရင် ကိုယ့်ဘာသာ စောစောလာပေါ့ . . . ယောကျ်ားလေးဖြစ်ပြီး ဝီရိယတော့ မရှိဘဲ သူများ ဆီက အဆင်သင့်ကူးယူချင်တယ် . . . မရှက်ဘူးလား . . . "

အာကာ့မျက်နှာက ရဲခနဲဖြစ်သွားသည် ။ လင်းကြယ်စင်ကတော့ ပြောပြီး သူမနှင့် မဆိုင်သလို စာဆက်ဖတ်နေသည် ။

"ရပါတယ် . . . မငှားချင်ဘူးနဲ့ တူတယ် . . . ဆောရီးနော်"

လင်းကြယ်စင်က မကြားသည့်အလား စာဖတ်မပျက်။

မာန်ထွဋ်ခေါင်ကလည်း မြင်ဖြစ်အောင် မြင်လိုက်သည် ။

"အာကာ . . . ဘာစာအုပ်လဲ . . . ငါ့မှာ ရှိတယ် . . . မင်းကလည်း . . . မငှားကောင်းတဲ့ သူဆီ မှာ သွားမငှားနဲ့ . . . တော်ကြာ မိုးတွေဘာတွေ ပြိုလာဦးမယ် . . . "

မာန်ထွဋ်ခေါင်ရဲ့ စကားသံက လင်းကြယ်စင်ရင်ထဲ ထိသွားသည် ။ ဒါပေမဲ့ မကြားသည့် အလား အဲဒီ ထီမထင်ဟန်ပန်တွေကိုပဲ ကြည့်မရခဲ့တာ။ သူ့ဘက်က တစ်ဖက်သတ် ရိုက်ခတ်မှုတွေ ချည်းပဲ ဖြစ်နေရင်တော့ ပွဲက သိပ်မလှပ။ လင်းကြယ်စင်ဘက်ကလည်း တုံ့ပြန်မှု ရှိဦးမှ

ပေါ့။

လင်းကြယ်စင်မှာ လည်း အဲဒီအဖွဲ့ကို ဘယ်လိုမှ ကြည့်မရ။ အဲဒီအဖွဲ့ဆိုတာထက် အဲဒီအဖွဲ့ ထဲက တစ်ယောက်ကိုပါပဲ။ သူဟာ လင်းကြယ်စင်ကို မြင်တာနဲ့ စကားလုံးတွေနဲ့ တိုက်ခိုက်ဖို့ ပဲ စဉ်းစားနေသလား မသိဘူး။ သူမ သူ့ကို သတိထားမိတာ ကြာသွားပြီ။ အမြဲ အနှောင့်အယှက် ပေးနေသလိုပဲ။ ဒါပေမဲ့ သူမဘက်ကပဲ ရှောင်ဖို့ ဆုံးဖြတ်ထားသည် ။ သူမကို တိုက်ရိုက်မထိခိုက် သရွေ့တော့ လင်းကြယ်စင်က ဥပေက္ခာပြုထားနိုင်ပါသည် ။ သည်းခံခြင်းတရား လက်ကိုင်ထားခြင်း တော့လည်း မဟုတ်။ မျိုသိပ်ထားနိုင်စွမ်းရှိသူပါ။ မေမေ့ရှေ့ကလွဲရင်ပေါ့။ ကိုယ့်အတွေးနဲ့ ကိုယ် ငြိမ်သက်နေတုန်း သူမဘေးမှာ အရိပ်တစ်ခု မိုးလာသည် ။

“လင်းကြယ်စင် . . . ကျွန်တော် ပြောစရာရှိလို့ ပါ . . . ”

“ဘာများ လဲ . . . ”

“ဟိုလေ . . . လင်းကြယ်စင်နဲ့ ခင်ချင်လို့ . . . ကျွန်တော်တို့ က သူငယ်ချင်း အတန်းသား အချင်းချင်းတွေပဲလေ . . . ခင်မင်ခွင့်ပြုပါ . . . ကျွန်တော့်နာမည်က အာကာပါ . . . လင်းကြယ်စင် မှတ်ထားပေးပါနော် . . . ”

“တို့ မှာ အကျိုးအကြောင်းမဲ့ အာလာပသလ္လာပပြောနေဖို့ အချိန်မရှိလို့ ဆောရီးပါ . . . ပြီးတော့ တို့ မခင်တတ်ဘူး”

“မဟုတ်သေးဘူးလေ လင်းကြယ်စင်ရဲ့ . . . လူဆိုတာ တစ်ယောက်တည်း နေနေလို့ မရဘူးလေ . . . ”

“တို့ ကတော့ ရတယ် . . . တစ်ယောက်တည်းနေရတဲ့ အချိန်တွေတို

င်းဟာ တို့ အတွက်တော့ အေးချမ်းဘုံလေးတစ်ခုပဲပေ့ါ . . . ခုတောင် တို့ တော်တော်စိတ်အနှောင့်အယှက်ဖြစ်နေတယ် . . . ယူနဲ့ စကားပြောနေဖို့ အချိန်မရှိလို့ တို့ ကိုခွင့်ပြုပါဦး . . . ”

ပြောချင်ရာပြောပြီး ထထွက်သွားတဲ့ သူမကိုကြည့်ပြီး အာကာ သက်ပြင်းမောတစ်ခုသာ ကျိတ်ပြီး ချဖြစ်သွားသည် ။

“တစ်နေ့တော့ ကြယ်စင် ကိုယ့်ကို နားလည်လာမှာ ပါ”

ဟု သာ စိတ်ထဲ တိုးဖွဖွ ရေရွတ်လျက်ပေ့ါ။

“ခံလိုက်ရပြန်ပြီလား အာကာ . . . ”

“မင်းကလည်း ကွာ . . . မပြောပါနဲ့ . . . ”

“မင်းကိုချစ်လို့၊ မင်းဘက်ကနာလို့ ပြောတာကွ . . . သူက ဘာမို့လို့ လဲ . . . အထက်စီးကနေ မှိုချိုးမှျစ်ချိုး ပြောနေရအောင် . . . ”

“သြော် . . . သူက တမင်သက်သက်လာပြောနေတာ မဟုတ်ဘူး လေ ကွာ . . . ငါက သူ့ကို သွားပတ်သက်တာကိုး . . . သူ့စိတ်နဲ့ သူ့ကိုယ် င့ါကို ခေါ်ချင်မှ ခေါ်မှာ ပေ့ါ . . . ”

“အင်း . . . မင်း ဘယ်အချိန်ထိ စိတ်ရှည်မလဲ စောင့်ကြည့်ကြသေး တာပေ့ါ . . . ”

“သေချာတာကတော့ ငါ သူ့ကို ကမ္ဘာဆုံးအထိ ချစ်နေမယ်ဆိုတာပဲ . . . ”

“အေးပါကွာ . . . ချစ်ပါ . . . အပြောအဆိုလည်း ခံလိုက်ပါ။ အဲ . . . ဒီ တစ်ယောက်လည်း ဘယ်အချိန်ထိ မာနကြီးနိုင်မလဲ ကြည့်ကြသေးတာ ပေ့ါ . . .”

အာကာကတော့ သူ့စကားတောင် ကြားရဲ့ လား မသိ။ ငိုင်နေသည် ။ အခုမှ အစပဲရှိသေး သည် ။ အာကာ ငိုင်နေရပြီ။ သူကတော့ အာကာ ငိုင်ရကျိုးမနပ်ဟု ထင်သည် ။ ဘာမဟုတ်တဲ့ မိန်းမ တစ်ယောက်အတွက် မခံစားသင့်။ သိပ်ကို ကြီးကျယ်မြင့်မြတ်နေတဲ့ သူဆိုရင်လည်း ထားတော့။ ခုတော့ ဘာမှ မဟုတ်တဲ့ မိန်းမ။ သူကတော့ အဲဒီမိန်းမကို ဘယ်ဘဝကတည်းက မျက်မုန်းကျိုး လာသည် မသိ။

သူတို့ အတန်းထဲမှာ ဆို ချောချောလှလှလေးတွေ အများကြီး။ တချို့က စတိုင်အရမ်းမိုက် သည် ။ တချို့က မျက်နှာလေးက ချစ်စရာကောင်းပြီး ဆွဲဆောင်မှုရှိသည် ။ ဆေးကျောင်းသူဆိုတဲ့ မာန်လေးတွေနဲ့ တစ်ယောက်တစ်မျိုး ကြည့်ကောင်းနေကြသည် ။ ဒါပေမဲ့ အားလုံးထဲမှာ ဘယ်လိုမှ ကြည့်ရ အဆင်မပြေလှတဲ့ လင်းကြယ်စင်က ထင်းခနဲပဲ ပေါ်လွင်လှတာကိုတော့ လုံးဝငြင်းမရ။ ထို့ကြောင့် အားလုံးက လင်းကြယ်စင်ကို ကွင်းရွေးမည်ပြင်တော့ . . . သူ အပြင်းအထန် ကန့်ကွက် မိသည် ။ သူနဲ့ လင်းကြယ်စင်တွဲပြီး ကင်းနဲ့ ကွင်းအဖြစ် ဘယ်လိုမှ မလိုက်ဖက်ဟု ထင်မိသည် ။ နောက် သူသဘောကျတဲ့ နန္ဒီကို ကွင်းအဖြစ်ရွေးဖို့ သူ စည်းရုံးရေးဆင်းလိုက်ရာ သူ့အကြံ အောင်မြင် ခဲ့သည် ။ ဒီလောက် သူ အမြင်ကတ်လှတဲ့ မိန်းမကို ပတ်သက်ဖို့ အာကာ ကြိုးစားနေသဖြင့် လုံးဝ မကျေနပ်။ မရ ရအောင်တားဖို့ စိတ်ထဲက ကြုံးဝါးနေမိသည် ။

“နေနှင့်ဦးပေါ့ လင်းကြယ်စင် . . . တစ်နေ့ မင်းမာနတွေ မြောင်းထဲ ရောက်သွားပြီး အစွယ် ကျိုးသွားမှ မင်း အာကာ့ကို ပြန်တောင်းပန်ရမယ် . . . မင်းကို မုန်းတယ် လင်းကြယ်စင် . . . ”

“မေမေရေ . . . ဘာချက်လဲ . . . ဗိုက်ဆာလာတယ်ဗျို့”

"ကြယ်စင်ရယ် . . . အသံကိုပြုနေတာပဲ . . . မိန်းမပီပီသသ နေစမ်းပါဦး . . . မေမေ ငါးလေး အိုးကပ် စပ်စပ်ကလေးချက်ထားတယ် . . . ချဉ်ပေါင်ရွက်ချဉ်ရည်လေးနဲ့ စားလိုက်"

"ဟာ . . . ရှယ်ပဲ . . . စားကောင်းဦးတော့မှာ ပဲ . . . မေမေရော စားပြီးပြီလား . . . မစားရ သေးရင် အတူတူစားမယ်လေ"

"မေမေဆာတာနဲ့ စားနှင့်ပြီး ဒီမှာ အင်္ကျီလေး လက်ချုပ်လိုက်နေလို့ သမီးဘာသာ စားလိုက်တော့ . . . "

"ဟုတ် . . . သမီးစားပြီးရင် လက်ချုပ်ကူချုပ်ပေးမယ်လေ၊ ဘယ်နှထည် ကျန်သေးလဲ . . . "

"ရပါတယ် . . . သမီးပြီးရင် စာပဲကျက်ပါ . . . သမီးမှာ သူများ တွေလို ကျူရှင်လည်း တတ်နိုင်တာ မဟုတ်ဘူး . . . ကျူရှင်တက်ဆိုတော့လည်း မတက်ဘူး . . . "

"မေမေရယ် ကျောင်းတက်ရတာတောင် သမီးမှာ အားနာနေတာ . . . သမီးကျောင်းစရိတ် အတွက်တောင် မေမေ့မှာ မနည်းရုန်းကန်နေရတာ . . . မေမေ စက်ချုပ်နေတာမြင်တိုင်း သမီး စိတ်မကောင်းဘူး . . . "

"ကြယ်စင်ရယ် . . . မေမေစက်ချုပ်တာ အရင်ကတည်းကပဲ၊ သမီး ကျောင်းတက်မှ ပိုလုပ်နေရတာလည်း မဟုတ်ဘူး လေ၊ ပုံမှန်လုပ်နေတာ လုပ်နေကျပဲ မပင်ပန်းပါဘူး . . . စက်မချုပ် ရရင်တောင် မေမေ နေတတ်မှာ မဟုတ်ဘူး . . . "

"သမီးဆရာဝန်ဖြစ်ပြီးရင်တော့ မေမေ လုံးဝစက်မချုပ်ရတော့ဘူး နော် . . . သမီးက မေမေ့ ကို ပြန်လုပ်ကျွေးမှာ "

"သာဓုပါတော် . . . သာဓု . . . သာဓု . . . သမီးအပြောနဲ့ တင် မေမေ

က စိတ်ချမ်းသာနေပါ ပြီကွယ် . . . ငါ့သမီးလေးလို လိမ္မာတဲ့ သမီးလေး ရှိနေတာ မေမေ ကံကောင်းတာပေါ့၊ ကဲ . . . စားစား . . စားပြီးရင် စာကျက်တော့ . . . ပြီးရင် မေမေ အပ်ထည်တွေ ပေးစရာရှိလို့ လက်စသတ် လိုက်ဦးမယ် . . .”

“ဟုတ် . . . ”

ထမင်းစားနေရင်း မာန်ထွဋ်ခေါင်ကို သတိရသွားသည် ။ အဲဒီတစ်ယောက်ဟာ သူမကို တော်တော်တိုက်ခိုက်တတ်သည် ။ ဆရာကန်တော့တဲ့ နေ့ကလည်း မထိတထိပြောသေးသည် ။ သူငယ်ချင်းနဲ့ ပတ်သက်ပြီးလည်း ကျေနပ်ပုံမရ။ သူမ ဘယ်သူ့ကိုမှ သတိမထားမိတတ်ခဲ့ပေမဲ့ အဲဒီ မာန်ထွဋ်ခေါင်ကိုတော့ သိနေပြီ။ ရှေ့လျှောက် သူနဲ့ လွတ်အောင်ရှောင်ဖို့လည်း ဆုံးဖြတ်ထားပြီး သွားပြီ။ သူမဘဝမှာ ဘာအနှောင့်အယှက်မှ မရှိစေချင်။ ငယ်စဉ်ကတည်းက ကြယ်စင်က ကိုယ့် ဘဝပေး အခြေအနေပေါ်လိုက်ပြီး အကောင်းဆုံး နေထိုင်တတ်အောင် လေ့ကျင့်ခဲ့ပြီးသား။ ကြယ်စင့် ဘဝကို ထိခိုက်လာမယ့် အနှောင့်အယှက်ဟူသမျှ ကြယ်စင် ကြိုတင်ကာကွယ် ထားရပါမည်။ ကြယ်စင် မာနကြီးတယ်ဆိုရင်လည်း အဲဒီမာနလေးပဲ ကြယ်စင့်ဘဝမှာ ချမ်းသာတာပါ။ အဲဒီမာန ကပဲ ကြယ်စင့် ခံစားချက်တွေကို ဖုံးကွယ်ပေးထားတာပါ။ အဲဒီမာနလေးသာ မရှိရင် လင်းကြယ် စင်ဟာ အခုလောက်ဆိုရင် ပုံကျနေလောက်ပြီ။ စိတ်ဓာတ်တွေလည်း စုတ်ပြတ်သတ်နေလောက် ပြီလေ။ သက်ပြင်းတစ်ချက်ချပြီး . . .

“သမီး . . . စားမကောင်းဘူးလား . . . ”

“ကောင်းပါတယ် မေမေရဲ့ . . . နှစ်ပန်းကန်တောင် ကုန်တယ် . . . ”

“မသိပါဘူးအေ . . . ငိုင်နေသလားလို့ . . . စားရင်းနဲ့ စားမကောင်း

လို့ လားလို့ . . . နေရော ကောင်းရဲ့ လား သမီး . . . ဘယ်လိုလဲ . . . ”

“ကောင်းပါတယ် . . . သမီး စာကိစ္စတွေ စဉ်းစားမိသွားလို့ ပါ . . . ”

“စာမလိုက်နိုင်လို့ လား သမီး . . . အဲဒါဆိုလည်း ကျူရှင်လေး ဘာလေး တက်လိုက်ပါလား သမီးရယ် . . . ”

“ဟာ . . . စာက လိုက်နိုင်ပါတယ် . . . မေကြီးကလည်း တွေးပူနေပြန်ပြီ . . . သမီးက ကျူရှင်တက်စရာမလိုအောင် ကြိုးစားမှာ ပါ . . . ကဲပါ မေမေ . . . အပ်ထည်တွေပြီးပြီလား . . . မပြီး သေးရင် သမီးကူပေးမယ် . . . ”

“မကူပါနဲ့ ပြီးတော့မယ် . . . ပြီးရင် မေမေ ဈေးဘက်ခဏသွားဦးမယ် . . . ချည်နဲ့ ကြယ်သီး လေး နည်းနည်းဝယ်စရာရှိလို့ . . . သမီးဘာမှာဦးမလဲ . . .”

“မမှာ တော့ပါဘူး . . . ”

“အေး . . . အဲဒါဆိုလည်း စားပြီး စာကျက်နေတော့ . . . စားပြီးပြီးချင်း ရေမချိုးနဲ့ နော် . . . ခဏနေမှ ချိုး . . . ”

“ရက်(စ်)မာမီ . . . ”

“ဟွန်း . . . ဒီကောင်မလေး . . . မအေကို နောက်စရာများ အောက်မေ့နေတာလား . . . ”

မေကြီး ဈေးဘက်သွားတော့ ကြယ်စင် စာကျက်နေသည် ။ ကျက်ရင်း မာန်ထွဋ်ခေါင်က ခေါင်းထဲဝင်ဝင်လာသဖြင့် စိတ်တိုလာမိသည် ။ သွားစမ်းပါ။ ဒီအရေးမပါတဲ့ အတွေးတွေ ဘယ်သူ ဘယ်လိုပဲ နှိမ့်ချနှိမ့်ချ ကြယ်စင် အရေးမစိုက်ခဲ့ဘူး။ မာန်ထွဋ်ခေါင်ကျမှ ဘာလို့ ခေါင်းထဲဝင်နေတာ လဲ။ ဘာလို့ ကြယ်စင် တွေးနေတာလဲ။ ကြယ်စင် သူဘာလုပ်လု

ပ် ဘာပြောပြော ဥပေက္ခာပြုနိုင်ရ မယ်လေ။ အရာရာတိုင်းမှာ ကြယ်စင် ဥပေက္ခာနဲ့ အနိုင်ယူနိုင်ရမယ်။ ဆုံးဖြတ်ချက်က တိခနဲ ကျသွားသဖြင့် ကြယ်စင် စိတ်ပေါ့သွားသည် ။

ထမင်းစားပြီး အိမ်သန့်ရှင်းရေး လုပ်နေလိုက်သည် ။ ပြီးမှ ရေမိုးချိုးပြီး စာစကျက်တော့ သည် ။ စာကျက်နေတာ စိတ်ဝင်စားနေသဖြင့် အချိန်က ကုန်လို့ ကုန်မှန်းပင်မသိ။ ကြယ်စင် စာကျက်ပြီးတော့ ညနေစာ ထမင်းအိုးတည်နေချိန် မေမေ ပြန်ရောက်လာသည် ။

“ကြယ်စင် . . . မေမေတည်မှာ ပေါ့ . . . ထားလိုက် ထားလိုက်”

“ရပါတယ် . . . မေမေ မောလာမှာ ပေါ့ . . . သမီးက စာပဲတစ်ချိန်လုံး လုပ်နေရတာ ခေါင်းပူ လာလို့ ခေါင်းဆေးနေတာပါ . . . ”

“အေးအေး . . . အဲဒါဆိုလည်း လုပ် . . . သမီးစာကျက်ပျက်မှာ စိုးလို့ပါအေ . . . ”

“မေမေသွားတာ နည်းနည်းကြာသလိုပဲနော် . . . မေမေ ဈေးပဲသွားတာ မဟုတ်လား . . . ”

“အေး . . . မေမေ အသိတစ်ယောက်နဲ့ တွေ့တာနဲ့ စကားပြောနေသေးတယ်လေ . . . ဒါနဲ့ သမီးကျောင်းလခ သွင်းရတော့မယ်နော် . . . ရော့ရော့ . . . မနက်ဖြန်သွင်းလိုက်တော့”

“ဟင် . . . မေမေ အပ်ထည်ဖိုးတွေ ရှင်းလိုက်လို့ လား”

“အေး . . . မေမေ ငွေပါတစ်ခါတည်း ရှင်းလာလိုက်တယ်လေ . . . ငါ့ သမီးလေးကို မုန့်ဖိုး တောင် မပေးဖြစ်တာကြာပြီ”

“သမီးမှာ ရှိပါသေးတယ် မေမေရ . . . မရှိရင် တောင်းမှာ ပေါ့ . . . ”

"ဟင် . . . သမီးကို မေမေ ပေးထားတာ ကြာပြီလေ . . . ယူထားပါ . . . ပိုပိုလိုလိုပေါ့ . . . မေမေကလည်း ရှိတုန်းလေး ပေးထားတာ . . . "

"မေမေ့ကျေးဇူးတွေက တော်တော်ကြီးမားနေပြီ . . . "

"သားအမိချင်း ပြောစရာမလိုပါဘူး သမီးရယ် . . . ငါ့သမီး ဆရာဝန်မကြီးဖြစ်ဖို့ ပဲ အရေး ကြီးပါတယ်လေ . . . သမီးလေး လူ့လောကအလယ်မှာ တစ်ယောက်တည်း ရပ်တည်နိုင်သွား ပြီဆိုရင် မေမေ စိတ်အေးရပါပြီ . . . "

"ဟင် . . . မေမေကလည်း . . . နောက်ဆိုရင် မေမေက မရှိတော့မယ့်အတိုင်းပဲ . . . "

"လူဆိုတာလည်း နေ့မြင်ညပျောက်ပဲ သမီး . . . ဖြစ်တတ်တာကို ကြိုတွေးထားရမယ် . . . ဖြစ်လာနိုင်တာတွေကို ကြိုပြီး ပြင်ဆင်ထားရမယ်လေ . . . မေမေတို့ မှာ သားအမိနှစ်ယောက်ပဲရှိတာ . . . သမီးမှာ မောင်နှမသားချင်းလည်း မရှိဘူး . . . အဖေလည်း မရှိတော့ဘူး . . . နီးစပ်ရာဆွေမျိုး သားချင်းဆိုတာလည်း သိပ်မရှိဘူး . . . သမီးဖေဖေရဲ့ အမျိုးတွေကလည်း . . . သမီးငယ်ငယ် သမီး ဖေဖေ ဆုံးကတည်းက အဆက်အသွယ် သိပ်မရှိတော့ဘူး . . . ခုဆို ဘယ်တွေရောက်နေလဲတောင် မသိဘူး . . . မေမေ့ဘက်ကျတော့လည်း ဆွေမျိုးက အစကတည်းက နည်းတာဆိုတော့ မေမေ မရှိရင် သမီးတစ်ယောက်တည်း တစ်ကောင်ကြွက်ဖြစ်နေမှာ စိုးလို့ သမီးဘဝရပ်တည်နိုင်စေချင်တယ် . . . ဆရာဝန်မလေးအဖြစ် ဂုဏ်တင့်စေချင်တယ် . . . မေမေ စိတ်အေးချင်တာပါ . . . ဘာပဲဖြစ်ဖြစ် ဘာပဲလုပ်လုပ် ဖြစ်တတ်တာတွေ ဖြစ်လာနိုင်တာတွေအတွက် ကြိုပြီး ပြင်ဆင်ထားနိုင်ရင် အကောင်း ဆုံးပေါ့ သမီးရယ် . . . မေမေပြောတာ သမီး သဘောပေါက်တယ် မဟုတ်လား . . . "

“ဟုတ်ကဲ့ပါ မေမေ . . . ”

မေမေက သူမအတွက် လမ်းပြကြယ်ပါ။ သူမဘဝကို လမ်းမှန်ပေါ်ကိုရောက်အောင် ကျွမ်းကျင်စွာ ထိန်းချုပ်နိုင်စွမ်းရှိသူပါ။ ငယ်စဉ်ကတည်းက ဆူပူမာန်မဲခြင်းမရှိဘဲ အေးအေး ဆေးဆေး ပြောဆိုဆုံးမခြင်းပဲရှိခဲ့တာမို့ မေမေ့စကားဆို သူမကလည်း နားဝင်နေကျဖြစ်ခဲ့ပါသည် ။ မေမေ့ရင်ခွင် ဥယျာဉ်ကျယ်မှာ သူမက လှပတဲ့ ပန်းကလေးတစ်ပွင့် ဖြစ်ခဲ့ရတာကလည်း ဒီဥယျာဉ်ရဲ့ ရေခံမြေခံကောင်းလို့ ပဲလေ။ ဖအေလိုတစ်မျိုး မအေလိုတစ်သွယ် ပဲ့ကိုင်ပေးခဲ့သဖြင့် သူမဟာ မကြာခင် ဘဝမှာအောင်မြင်မှုဆိုတဲ့ ပန်းတိုင်ကို လှမ်းမြင်နိုင်ခဲ့တာပါ။ မေမေဟာ သူမအတွက်တော့ သူရဲကောင်းတစ်ယောက်။ အားကျအတုယူရမယ့်သူတစ်ယောက်ပါပင်။ ကြယ်စင် ငယ်ကတည်းက မေမေဟာ စက်ချုပ်ပြီး ကြယ်စင်ကို လုပ်ကျွေးခဲ့သည် ။ မေမေ့လက်ရာကောင်းသဖြင့် အပ်ထည် ပြတ်သည် ဟူ၍ မရှိဘဲ လက်မလည်နိုင်။ တစ်ခါတလေ ကြယ်စင်က လက်ချုပ်လေး ဘာလေး ဝိုင်းချုပ်ပေးရသေးသည် ။ ငယ်ငယ်ကတည်းက မေမေ စက်ချုပ်နေလျှင် ကြယ်စင်က မေမေ့ဘေးမှာ ငြိမ်ငြိမ်လေးထိုင်ပြီး စာကျက်တတ်ခဲ့သည် ။ ကြယ်စင် ငယ်စဉ်ကတည်းက အတန်းထဲမှာ အမြဲဆုရ သည် ။ ဆယ်တန်းနှစ်မှာ လည်း မေမေက ပိုပြီးကြိုးစားခိုင်းခဲ့ပါသည် ။ ကြယ်စင် အားငယ်စရာမလို။ ‘သမီးကို ဘယ်ကျောင်းပဲ ဖြစ်ဖြစ် မေမေ ထားနိုင်အောင် ကြိုးစားမယ်’ဟု အမြဲတဖွဖွ ပြောနေခဲ့တဲ့ မေမေ။ ကြယ်စင် ဆေးတက္ကသိုလ်ဝင်တော့ တကယ်ထားပေးခဲ့သည် ။ ကြယ်စင်က ထင်တောင် မထင်ထား။ မေမေက စုထားတဲ့ ငွေလေးရှိနေခဲ့တာ ကြယ်စင် မသိ။ ဒါပေမဲ့ ဆေးကျောင်းဝင်ခွင့်ရ တာ အတွက်ရော၊ ကျောင်းတက်နိုင်ခဲ့တဲ့ အတွက်ရော ကြယ်စင် အတိုင်းမသိ ပျော်ရွှင်ခဲ့ရသည် ။ ဒါပေမဲ့ ကျောင်းတောင်မနည်းတက်နေရ

တာမို့ အဝတ်အစားနဲ့ အလှအပဆိုတာ ကြယ်စင် ဂရုမစိုက် နိုင်။ လူမှာ အဝတ်ဆိုတဲ့ အတိုင်း ကြယ်စင်ရဲ့ မှေးမှိန်မှုကို အထင်သေးချင်ကြသော်လည်း ကြယ်စင် ဂရုမစိုက်နိုင်။ အဓိကက ကြယ်စင် ပန်းတိုင်ရောက်ဖို့ပဲ လိုတာပါ။ ကြယ်စင် တစ်နေ့ ဆရာဝန်ဖြစ်ရ မယ်။ ကြယ်စင်တို့လို မပြေလည်တဲ့ သူတွေအတွက် စေတနာ ဆေးခန်းလေး တစ်ခုလည်း ဖွင့်ချင် တယ်။ အဲဒါ ကြယ်စင့်ရည်ရွယ်ချက်ပဲ။ ပြီးတော့ ကြယ်စင် ဆရာဝန်ဖြစ်တဲ့ တစ်နေ့ မေမေ့ကို ဘုရား သွား ကျောင်းတက်နဲ့ အေးအေးဆေးဆေးနေစေတော့မယ်။

"လင်းကြယ်စင် . . . ငါ့သမီး တွေးနေရင် အချိန်ကုန်တာပဲ ရှိတယ်နော် . . . ပစ္စုပ္ပန်ကိုသာ လက်တွေ့အကျိုးရှိအောင် အသုံးချပါ . . . ပစ္စုပ္ပန်မှာ တကယ်လုပ်မှ အနာဂတ်မှာ တကယ်ဖြစ်မှာ နော် . . . တွေဝေ မိန်းမောနေတာမျိုး မေမေ မကြိုက်ဘူး . . . "

မေမေ့အသံကြားမှ ပဲ လင်းကြယ်စင် အတွေးအိပ်မက်မှ လန့်နိုးလာခဲ့တော့သည် ။ ဟုတ်ပါ တယ်လေ။ သူတို့ ဘဝတွေမှာ တွေးနေနိုင်ဖို့ တောင်မှ အချိန်မရှိဘဲလေ။ စာကြည့်စားပွဲမှာ ပြန်ထိုင် ရင်း နာရီတွေကို ပုံမှန်လည်ပတ်စေရင်းပေါ့ . . .။

*

## အခန်း(၃)

"စာမေးပွဲဖြေနိုင်ရဲ့ လား သမီး . . . "

"ဖြေနိုင်ပါတယ် မေမေရဲ့ . . . မေမေ့သမီးပဲ . . . "

"အေးပါအေ . . . သမီး စာမေးပွဲပြီးသွားရင်လည်း မေမေတို့ ညနေကျရင် ရွှေတိဂုံသွား ရအောင် . . . ဘုရားမသွားဖြစ်တာ ကြာသွားပြီ . . . ဒီနေ့ပေးရမယ့် အပ်ထည်တွေလည်း ဒီမှာ မေမေ လက်စသတ်နေပြီ . . . အခု သမီးထမင်းစားပြီး ခဏ နားလိုက်ဦးပေါ့ . . . "

"ဟုတ်ကဲ့ . . . "

ညနေ မေမေနဲ့ ဘုရားသွားကြသည် ။ ညနေစောင်းရဲ့ ခပ်ဖျော့ဖျော့နေရောင်ခြည်လေးအောက် မှာ ရွှေရောင်တွေ ဝင်းအိနေတဲ့ ရွှေတိဂုံဘုရားကြီးက သပ္ပာယ်လှပါသည် ။ မေမေက သောကြာ ထောင့်မှာ ပုတီးသွားစိပ်နေသဖြင့် သူမကလည်း သူမမွေးနံ့ထောင့်ဖြစ်သည့် ဗုဒ္ဓဟူးထောင့်ဘက်သို့ ထွက်လာခဲ့လေသည် ။ ဘုရားအာရုံပြုပြီး ပုတီးခဏထိုင်စိပ်နေလိုက်သည် ။ သူမဘေးမှာ ကင်မရာသံ တချပ်ချပ် ကြားနေရသည် ။ နိုင်ငံခြားသားတွေ ဓာတ်ပုံရိုက်နေတယ် ထင်ပါရဲ့ ။ အင်္ဂလိပ်လိုပြောနေ သံတွေလည်း မကြားတစ်ချက် ကြားတစ်ချက်။ သူမစိတ်တွေကို ထိန်းချုပ်ပြီး ပုတီးဆက်စိပ်နေလိုက် သည် ။ ပုတီးစိပ်ပြီးတော့ ဘုရားမျက်နှာတော် သပ္ပာယ်နေလိုက်သည် ။ သူမကို တစ်ယောက်ယောက် လိုက်ကြည့်နေသလို ခံစားရသဖြင့် ဘေးဘီကို တစ်ချက်ကြည့်မိတော့ မျ

က်ဝန်းတစ်စုံ။ စူးစူးစိုက်စိုက် ကို ကြည့်နေတဲ့ မျက်ဝန်းတစ်စုံ။ လည်က တုံးဖြူလွလွလေးကို ယောပုဆိုးအနက်စိုစိုလေးနဲ့ တွဲဝတ် ထားပုံက သန့်ပြန့်နေသည် ။ ဆံပင်တိုထောင်ထောင်လေးနဲ့ မျက်နှာထားချိုချိုလေး က နှစ်လိုဖွယ်ရာ ပင်။ သူမ ကြည့်နေရာက ဖျတ်ခနဲ လှည့်ထွက်လာလိုက်သည် ။

"ဟိတ် . . . ရွှတ်ရွှတ် . . . ဟိတ် . . . ညီမလေး . . . "

သူမ လှည့်ကြည့်လိုက်တော့ . . .။

သူ့လက်ထဲမှာ သူမ ပိုက်ဆံအိတ်လေး။ ဟုတ်ပါရဲ့ ။ သူမ ရေသဗ္ဗာ ယ်နေတုန်း ချထားလိုက် တာ မေ့သွားတယ်။

"ကျေးဇူးပါ . . . "

"ဟုတ် . . . ရပါတယ် . . . ကျွန်တော် ညီမကို ကြည့်နေတာ မေ့တော့ မလို့ . . . "

"ဟုတ်တယ် . . . ကျေးဇူးတင်ပါတယ် . . . "

"ရပါတယ် . . . ညီမတစ်ယောက်တည်းလား . . . "

"မေမေပါတယ် . . . ဟိုဘက်မှာ . . . သွားတော့မယ် . . . "

"ဟုတ်ပါပြီ . . . နောက်တွေ့ရင် ခေါ်လို့ ရမလား ညီမ"

"ဘာလဲ . . . ပိုက်ဆံအိတ်ပြန်လာပေးတဲ့ အတွက် ကျေးဇူးတင်ရတဲ့ အတွက်လား . . . "

"ဟာ . . . ညီမကလည်း . . . မဟုတ်ပါဘူး . . . ကိုယ်က ခင်မိလို့ ပါ . . . ညီမ မကျေနပ်ရင် ဆောရီးပါကွာ . . . ဒါပေမဲ့ . . . ကိုယ့်နာမည် မှတ်ထားပေး . . . ကိုယ့်နာမည် ယံထွင်မိုးခေါင်တဲ့ . . . "

ပြောပြီး ချာခနဲ လှည့်ထွက်သွားတဲ့ သူ့ကိုကြည့်ပြီး သူမစိတ်ထဲ မာန်ထွင့်ခေါင်ကို ဖျတ်ခနဲ သတိရသွားသည် ။ သူက မာန်ထွင့်ခေါင်ကို ဖျတ်ခနဲ သတိရသွားသည် ။ သူက မာန်ထွင့်ခေါင်နဲ့ ညီအစ်ကိုများ လား။ ရုပ်ချင်းရော နေပုံထိုင်ပုံရော တခြားစီပဲ။ သူက သဘောကောင်းပုံရသည် ။ မာန်ထွင့်ခေါင်ကတော့ နာမည်နဲ့ လိုက်အောင် မာန်တက်နေပုံရသည် ။ မျက်နှာထားချင်းလည်း ကွာလှ သည် ။ သူမ တွေးနေရင်း သောကြာထောင့်ကို ရောက် လာပြီး မေမေ မပြီးသေးသဖြင့် ခဏထိုင်စောင့် နေလိုက်သည် ။ သူမကို လိုက်ကြည့်နေတဲ့ မျက်ဝန်းတစ်စုံကိုတော့ သတိမထားမိတော့။ မေမေ ရေသပ္ပာယ်ပြီးတော့ ဘုရားကို အေးအေးဆေးဆေး ပတ်နေကြသည် ။ အရှေ့ဘက်မုခ်ဘက်ရောက် တော့ နိုင်ငံခြားသားသုံးယောက်ရယ်၊ မြန်မာသုံးယောက်လောက်ရယ် အဖွဲ့ထဲမှာ သူ့ကိုတွေ့လိုက် ရသည် ။ သူ့အရုပ်ကလည်း မာန်ထွင့်ခေါင်လိုပဲ ခပ်မြင့်မြင့်။ နိုင်ငံခြားသားတွေထဲမှာ မြုပ်မသွား။ ပြုံးပြုံး ပြုံးပြုံးနှင့် ဘာတွေ ရှင်းပြနေလဲမသိ။ နိုင်ငံခြားသားတွေနဲ့ တွဲပြီးလည်း ဓာတ်ပုံရိုက်နေ သည် ။ သူမကိုတွေ့တော့ ပြုံးပြပြီး ကြည့်နေသည် ။ ကြယ်စင် မျက်နှာလွှဲလိုက်ပြီး သူတို့ ကို ဖြတ်ကျော်လိုက်သည် ။

ယံကတော့ သက်မကလေးသာ ခပ်ဖွဖွချပြီး ကံမကုန်ရင် ပြန်ဆုံရဦးမှာ ပေါ့ဟု သာ တွေးနေမိ သည် ။ သူ့မှာ လည်း ဧည့်သည် တွေက ရှိနေသဖြင့် ဘယ်လိုမှ လိုက်ကြည့်လို့ မရ။ သူမကလေးက ဘာမှ မပြင်ဆင်ထားဘဲကို ချစ်စရာကောင်းနေသည် ။ တကယ် ရွှေရင်အေးစရာလေးပါပဲကွာ။ ရွှေတိဂုံ ဘုရားကို တိုင်တည်ဆုတောင်းမိတယ်။ ကောင်မလေးရယ် . . . ကိုယ်တို့ ပြန်ဆုံရပါလို၏ လို့ ပေါ့။ သူမနောက်ကျောလေးကို ငေးကြည့်ရင်း ဒီဘက်က မစ္စတာဂျွန်ဆီက စကားသံကြားမှ သူ သတိဝင် လာတော့သည် ။ မစ္စတာဂျွန်ကို မြန်မာမှုလက်ရာတွေအကြောင်း ဆ

က်ပြီးရှင်းပြနေမိသည် ။ သူက စင်ကာပူမှာ မြန်မာဘုန်းကြီးကျောင်းတစ်ခု ဆောက်လုပ်လှူဒါန်းရန် စီစဉ်ထားသဖြင့် မစ္စတာဂျွန် တို့ ကို မြန်မာပြည်ကို ဖိတ်ခေါ်ပြီး သူလိုချင်သော ပုံစံတွေကို လိုက်လံပြသနေပါသည် ။ သူကတော့ အလုပ်တွေက အမေရိကားမှာ မို့ မကြာခင် ပြန်ရပေဦးမည်။ မြန်မာပြည်ကို ခဏပြန်လာတာ မေမေ့ ဆန္ဒဖြစ်တဲ့ ကျောင်းဆောက်ဖို့ ကိစ္စတွေ လာပြန်လုပ်ပေးရတာပင်။ မေမေက အလှူအတန်း အင်မတန်ရက်ရောလှသည် ။ မေမေ လှူဒါန်းတဲ့ ကျောင်းကန်ဇရပ်တွေဆိုတာ မြန်မာပြည်အနှံ့ လက်ညှိုးထိုးမလွဲ။ နိုင်ငံတော်မှ ချီးမြှင့်ထားတဲ့ ဆုတံဆိပ်တွေပင် သုံးလေးခုရှိပြီး မေမေဟာ ငြိမ်းချမ်းနေတာပဲဟု မပြောဘဲ မနေနိုင်။ မေမေက ဟိုးယခင်တည်းက စော်ဘွားမျိုးနွယ်မှ ဆင်းသက်လာသူဖြစ်ပြီး မိုးကုတ်ဘက်တွင် လည်း ကျောက်တွင်းတော်တော်များများကို ပိုင်ဆိုင်ထား သူ။ မေမေ့လက်ထက်တွင် လည်း ကျောက်က အောင်တာခဏခဏ။ မေမေ လှူနိုင်တန်းနိုင်ဖို့ များ ကျောက်က ပွင့်နေသလားအောက်မေ့ရသည် ။ သူအရွယ်ရောက် လာပြီး ဆယ်တန်းအောင်တော့ အမေရိကား ကျောင်းသွားတက်ဖို့ ပူဆာတော့ မေမေက မလွှတ်ချင်။ သူ ပူဆာလွန်းမက ပူဆာတော့ မှ သူ စိတ်ချမ်းသာပါစေဟု ခွင့်ပြုခဲ့သည် ။ သူကလည်း ဟိုမှာ ကျောင်းတက်ရင်း စီးပွားရေးအကွက် တွေ့တော့ မေမေ့ဆီကများ စီးပွားရေးဗီဇ အမွေရခဲ့သလားမသိ။ စီးပွားရေးအရမ်းလုပ်ချင်သဖြင့် ဟိုမှာ ဆက်နေကာ စီးပွားရေးပဲ လုပ်နေခဲ့သည် မို့ မေမေ့ဆီ တစ်နှစ်တစ်ခါလောက်သာ ပြန်လာဖြစ် တော့သည် မို့ ဒီသားအမိနှစ်ယောက်သာ ရှိသောကြောင့် မေမေ အထီးကျန်နေမှာ ပါ။ ဒါပေမဲ့ မေမေ ဟာ ငြိမ်းချမ်းစွာ စိတ်ထားတတ်သူမို့ သူ့ကို အတင်းအကျပ် ပြန်ခေါ်ချင်းတော့မရှိ။ သူကလည်း ငယ်တုန်းမို့သာ ဟိုမှာ နေတာပါ။ အချိန်တန်ရင် မေမေ အသက်ကြီးလာ

တဲ့ တစ်နေ့တော့ မေမေ့ဆီကို ပြန်လာရမှာ ပေါ့လေ။ မေမေပဲရှိတဲ့ ဘဂ ။ သူ ငယ်စဉ်ကလေးဘဂကတည်းက ဖေဖေ ဆုံးသွားခဲ့ပြီလို့ သာ သိရပြီး သူ့မှာ ဖေဖေ့ဓာတ်ပုံတောင် မမြင်ဖူးခဲ့။ ဖေဖေ ဓာတ်ပုံရိုက် ဝါ သနာမပါသဖြင့် ဓာတ်ပုံ တောင် မကျန်ဟု ဆိုသည် ။ ဒီတော့လည်း မေ မေသည် သာ သူ့ကမ္ဘာပေါ့။ ခုတော့ သူ့ကမ္ဘာလေးထဲကို မျက်နှာရှင်းရှင်း လေးတစ်ခု တိုးဝင်လာနေသလိုပဲ။ နိုင်ငံတကာ နိုင်ငံတော်တော်များများ ရောက်ဖူး ပါသည် ။ ကာလာစုံ မိန်းမချောလေးတွေလည်း မြင်ဖူးပါသ ည် ။ မေမေကတောင် သား နိုင်ငံခြားသူကို ယူမှာ ကြောက်သည် အထိပ င်။ ဒါပေမဲ့ သူ ရင်မခုန်ခဲ့ပေ။ ယခုမှ ဘာအခြယ်အသမှ မရှိတဲ့ ငြိမ်းချမ်း စွာ ဘုရားအာရုံပြု ပုတီးစိပ်နေတဲ့ ပုံစံလေးကိုမှ စွဲစွဲနစ်နစ် မြတ်နိုးသွား မိတာမို့ သူ့ကိုယ်သူတောင် အံ့သြနေမိသည် ပင်။

"ဆရာ . . . မစ္စတာဂျွန်က အရှေ့ဘက်ရော စုလစ်မွန်းချွန်ထည့်မှာ လားတဲ့ မေးနေတယ် . . . "

မေမေ့မန်နေဂျာက အဆောက်အအုံပုံစံ စာရွက်ကိုပြပြီး မေးလာမှ သူ သတိဝင်လာကာ ဒီဇိုင်း ကိစ္စ ဆက်ပြောနေလိုက်သည် ။

"စုလစ်မွန်းချွန်းကတော့ ထည့်မယ် . . . တစ်ဆောင်ကို တစ်ခုတော့ ထည့်မယ် . . . ကျွန်တော်က မြန်မာ့လက်ရာ မြန်မာ့ပုံစံ ဖြစ်စေချင်တာ လေ . . . ဒါပေမဲ့ သူ့နေရာနဲ့ သူ အချိုးညီညီ တော့ ဖြစ်ပါစေပေါ့ . . . စု လစ်မွန်းချွန်ပုံစံဆွဲရင် စကေးညီပါစေ . . . မညီရင် ရှည်တောက်တော က် ဖြစ်နေတာတို့ ပုအိုက်အိုက် မလှမပတို့ မဖြစ်စေချင်ဘူး . . . ထည့်မ ယ်၊ အဆောက်အအုံရဲ့ အကျယ် အဝန်းကိုလိုက်ပြီး အချိုးကျမှ ပုံစံက လှ မှာ . . . အဲဒါတစ်ခုကိုတော့ ကိုကျော်စွာတို့ ဂရုစိုက်ပေး . . . ကျွန်တော် က မကြိုက်ရင် ပြန်ဖျက်မှာ နော် . . . ကြိုပြောထားတယ် . . . အစကတ

ည်းက တစ်ခါ တည်း စေ့စေ့စပ်စပ်လုပ်ပါ . . . အလုပ်တစ်ခုကို နှစ်ခါပြန်လုပ်ရတာဆို ကျွန်တော် စိတ်မရှည်တတ် လို့ . . . အိုကေနော် . . . ”

“ဟုတ်ကဲ့ပါ ဆရာ . . . စိတ်ချပါ . . . ”

“ကဲကဲ . . . ဒါဆိုရင် မိုးလည်း ချုပ်ပြီ . . . ဧည့်သည် တွေအတွက် (dinner) ဒင်နာကို ဘယ်မှာ စီစဉ်ထားလဲ . . . ”

“Summit Park View မှာ ပါ ဆရာ . . . ”

“အိုကေ . . . ကိုကျော်စွာပဲ ခေါ်သွားလိုက် . . . ကျွန်တော် မေမေ့ကို ပြန်ခေါ် လာပြီးမှ လာခဲ့ မယ် . . . ”

“ဟုတ်ကဲ့ ဆရာ . . . ”

ဘုရားပေါ်မှ ပြန်ဆင်းလာရင်း သူ မေမေ့ကို ဖုန်းဆက်လိုက်သည် ။ မေမေ အဆင်သင့် ဖြစ်လောက်ပါပြီ။

“ဟယ်လို . . . မေမေ . . . သားလာကြိုတော့မလို့ . . . မေမေ အဆင်သင့်ဖြစ်ပြီလား . . . .”

“ပြီးပြီ သား . . . သားယံတို့ ဘုရားပေါ်က ဆင်း လာပြီလား”

“ဆင်း လာပြီ . . . သား ဆယ်မိနစ်အတွင်း ရောက်မယ် မေမေ . . . ”

“အေးအေး . . . မေမေ စောင့်နေမယ်လေ . . . သား ကားကို ဖြည်းဖြည်းမောင်းနော် . . . ”

“ဟုတ်ကဲ့ပါ . . . ”

မေမေနှင့် ဖုန်းပြောပြီး ကားပါခ်ကင်ကိုရောက်တော့ တက္ကစီတားနေတဲ့ ကောင်မလေးကို လှမ်းတွေ့လိုက်ရသည် ။ အခွင့်ရှိမယ်ဆိုရင် ကိုယ် ပြန်ပို့ပေးချင်လိုက်တာကွာ။ သူ ကြည့်နေတုန်း သူမတို့ သားအမိ တ

ကျွစီပေါ်တက်သွားကြပြီ။ လိုက်ကြည့်ချင်ပေမဲ့ သူမှာ လည်း ဘေးကျပ်နံ ကျပ်နှင့် မို့ စိတ်လျှော့ပြီး အိမ်ပဲ ပြန်လာလိုက်တော့သည် ။ အိမ်ရောက် တော့ မေမေက အဆင်သင့်ဖြစ်နေပြီ။ ရွှေအိုရောင် ပိုးသားပျော့ပျော့ပေါ် မှာ အနက်ရောင်ကနုတ်စက်ကလေးတွေနှင့် မေမေက လှနေဆဲပါ ပဲ။ သူလည်း ကမန်းကတန်း အဝတ်အစားလဲကာ Summit Park View သို့ ထွက်လာလိုက်တော့ သည် ။ ညစာစားရင်း မေမေက မစ္စတာဂျွန်တို့ အ ဖွဲ့ကို ဘုရားဖူးပို့မည့်အကြောင်း ပြောနေသည် ။ (dinner) ဒင်နာမှာ အ လုပ်ကိစ္စကို ဘယ်သူမှ တစ်ခွန်းမဟ။ ဒါယဉ်ကျေးမှုပင်။ အလုပ်ကိစ္စကို မနက်ဖြန်နေ့ခင်းမှ ဆက်ကြမည်။ ညစာစားရင်း မြန်မာ့ယဉ်ကျေးမှု ထုံး တမ်းစဉ်လာတွေ ပြောနေကြ သည် ။ စားပြီးတော့ မစ္စတာဂျွန်တို့ အဖွဲ့ ကို (Sedona Hotel)ဆီဒိုးနားကို လိုက်ပို့ပေးပြီးမှ သူတို့ သားအမိ ပြန် လာကြသည် ။

"သူတို့ က စင်ကာပူမှာ တော့ နာမည်ကြီး အာခီတက်လ် (Architect) တွေပဲ မေမေရဲ့ . . . "

"သားယံ ပြောစရာရှိရင် အိမ်ရောက်မှ ပြောပါလား . . . ကားမောင်း ရင်း စကားပြောနေရင် အာရုံလွှင့်တတ်တယ် . . . "

"ဟုတ်ကဲ့ မေမေ . . . "

အိမ်ပြန်ရောက်တော့ မေမေနဲ့ ကျောင်းဆောင်ကိစ္စ ခဏဆွေးနွေးပြီး မေမေလည်း ဘုရားရှိခိုး ရန် ထွက်သွားသည် မို့ သူလည်း အလုပ်ခန်းထဲ ဝင်လာခဲ့တော့သည် ။ ကွန်ပျူတာဖွင့်ရန် ပြင်လိုက်ပြီး ကင်မရာကို ထ ယူလိုက်သည် ။ ဒီနေ့ ကောင်မလေးကိုလည်း ဓာတ်ပုံခိုးရိုက်လာသေးသ ည် ။ လူကြီး မဆန်တဲ့ လုပ်ရပ်ဆိုတာ သိပေမဲ့ သူ စိတ်မထိန်းနိုင်။ သူမ ဘုရားရှိခိုးနေတုန်း တဖျပ်ဖျပ်နှင့် ခိုးရိုက် မိသည် ။ ငါးပုံလောက်တော့

အသာလေးရမည်ပင်။ ကွန်ပျူတာထဲ ဓာတ်ပုံတွေထည့်ပြီး သူမပုံလေးကို တင်ထားလိုက်သည် ။ Desktop ပေါ်မှာ သူမလေးကတော့ ငြိမ်းချမ်းစွာ မျက်လွှာချလျက်။ အေးချမ်း လိုက်တာ။ ချစ်စရာလေး။ သူများကုသိုလ်ယူနေချိန် သူကတော့ တတုံးတခဲကို ပစ်မှားနေမိသည် ။ ချစ်မိသွားတယ် ကောင်မလေးရယ်။ မြင်မြင်ချင်း အချစ်ပဲ။ သူ့အလုပ်ခန်းထဲမှာ က Photo Printer ပါတစ်ခါတည်းရှိသဖြင့် သူမပုံလေးတွေထုတ်ပြီး ခဏဆေးခြောက်ခံထားလိုက်သည် ။ ပြီးတော့ အမေရိကားက သူ့အလုပ်မှ မန်နေဂျာဆီ အလုပ်ကိစ္စ အီးမေးလ်လှမ်းပို့လိုက်သည် ။ မေးလ် (Mail) အပြန်အလှန်ပို့ပြီး Gtalk နဲ့ ညွှန်ကြားစရာရှိတာတွေ ညွှန်ကြားနေလိုက်သည် ။ အလုပ်ထဲ စိတ်ရောက်သွားတော့လည်း အချိန်တွေက ကုန်လို့ကုန်မှန်းမသိ။ အလုပ်ကိစ္စတွေ စီစဉ်ပြီး၍ နာရီကို ကြည့်လိုက်တော့ ညဉ့်နှစ်နာရီခွဲပြီးပြီ။ ပြီးမှ သူ့ဘေးမှာ အခြောက်ခံထားတဲ့ ဓာတ်ပုံလေးတွေဆီ လက်လှမ်းပြီး အိပ်ခန်းထဲ ပြန်လာကာ ဖိုတိုစတန်း(ဒ်) (Photo Stand) တစ်ခုယူပြီး သူမပုံလေး ထည့်ကာ ထောင်ထားလိုက်သည် ။ သူ့ပိုက်ဆံအိတ်ထဲကိုလည်း တစ်ပုံထည့်လိုက်သည် ။ ခွင့်လွှတ်ပါ ကောင်မလေးရယ်။ ခွင့်ပြုချက်မရှိဘဲ ပိုင်ရှင်မသိဘဲ သူမပုံလေးတွေကို သိမ်းပိုက်ထားမိပြီး မေမေ တွေ့ရင်တော့ မေးတော့မှာ ပဲ။ သူ ဘယ်လို ဖြေရပါ့ ။ သူ့ချစ်သူလည်း မဟုတ်။ နာမည်လေးတောင် မသိ။ သူ့ဘာသာ သဘောကျပြီး ပြုံးနေမိတော့သည် ။ ကိုယ် ရူးနေပြီ ကောင်မလေးရယ်။ တဒင်္ဂလေး နဲ့ ကိုယ့်ကို ရူးသွပ်သွားစေနိုင်သူလေးပါပဲ။

*